မလူလာကျေးရွာ

မလူလာကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မလူလာကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဗန်းမော်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဒီဇင်ဘာ လ၊ ၂၀၂၁

## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၅

(က) သီးနှံစိုက်ပျိုးရေး ၅

**(ခ)** မွေးမြူရေးလုပ်ငန်း ၆

**(ဂ)** စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

**(ဃ)** ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၇

(ခ ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၇

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၈


၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၉


နောက်ဆက်တွဲ


နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၇၃

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၈၅







## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မလူလာကျေးရွာသည် ကချင်ပြည်နယ် ၊ မလူလာကျေးရွာအုပ်စု၊ မြစ်ကြီးနား-ဗန်းမော် ခရိုင်ချင်းဆက် လမ်းပေါ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ကျေးရွာသည် ဗန်းမော်မြို့နှင့် မိုင် ၁၁ခန့်အကွာတွင်တည်ရှိပါသည်။ တာပိန်မြစ်ချောင်း၏ အရှေ့ဘက်ကုန်းမြင့်တွင် တည်ရှိပါသည်။ ကျေးရွာ၏အနောက်ဘက်၊မြောက်ဘက်ခြမ်းတွင်လယ်ကွင်းပြင်များရှိ၍ အရှေ့ဘက် တွင် ယာတော ၊ဥယျာဉ်ခြံ၊ရိုးလယ်များရှိသည်။ကျေးရွာ၏အောက်ဘက်လမ်းတွင် နန့်လှိုင်ကျေးရွာရှိ၍ အထက်ဘက် လမ်းတွင် မအူပင်ကျေးရွာရှိပြီးတံတားတစ်စင်းဖြင့် ဖြတ်သန်းသွားလာရသည်။ ထိုကျေးရွာ(၂)ရွာကို ကတ္တားရာလမ်းဖြင့် ဆက်သွယ်ထားပါသည်။ ပြည်ထောင်စုကားလမ်းမကြီး ဖြစ်သည်။ ကျေးရွာ အိမ်အများစု၏အနောက်ဘက်ခြမ်းတွင် အင်း၊လျှိုမြောင်းများရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မလူလာကျေးရွာ၏ ရာသီဥတုမှာ နွေ၊မိုး၊ဆောင်းဟူသောဥတုသုံးပါးနှင့်လိုက်ရော ညီထွေမှုရှိ သည်။ သို့သော်နွေရာသီတွင် အပူချိန်ပိုမြင့်လာသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။ ဆောက်လုပ်ရေးအတွက်သဲကိုလွယ်ကူစွာရရှိနိုင်ပြီး ကျောက် များကို ရယူရန် ခက်ခဲသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (အမည်မသိ) အပင် များစွာရှိပါသည်။ သဘာဝတောရိုင်းတိရစ္ဆာန်များမှာ တောကြောင်၊ သစ်ခွေး၊ ငှက်အမျိုးမျိုး သာတွေ့ရသည်။စိုက်ပျိုးရေးအတွက် ချောင်းရေနှင့် မိုးရေကို အဓိကအားထား စိုက်ပျိုးရသည်။ နွေရာသီတွင် အခက်အခဲရှိသည်။ စိုက်ပျိုးမြေကေပေါင်း (၇၄၂)ကေရှိသော်လည်း (၆၀၀)ကျော်ကေ လောက်မျှသာ စိုက်ပျိုးနိုင်သည်။ စပါး၊ပြောင်း၊မြေပဲ၊ပဲနှင့်နှမ်းတို့ကို အဓိကစိုက်ပျိုးသည်။ ရေအရင်း အမြစ်မှာ တဖြည်းဖြည်းနှင့်ခမ်းခြောက်လာသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မလူလာကျေးရွာတွင် အဖွဲ့ပေါင်း (၄) ဖွဲ့ရှိသည်။ အပျိုလူပျိုအဖွဲ့(ခေါ်)လူငယ်အဖွဲ့၊ ပေါ်ခိန် မယ်ခိန်အဖွဲ့၊ရပ်မိရပ်ဖအဖွဲ့ဖြစ်သည်။ ထိုအဖွဲ့မှာဘာသာရေးနှင့်လူမှုရေးကို အခြေခံသောဖွဲ့ဖြစ်ကြ သည်။ ရပ်ရွာ၏လိုအပ်ချက်အရဖွဲ့စည်းထားသော်လည်း စွမ်းဆောင်နိုင်မှုအားကောင်းသည်။ သို့သော် ကျေးရွာ၏ဖွံ့ဖြိုးရေးစနစ်ကိုဦးဆောင်ရန် အားနည်းနေသေးသည်။ ၎င်းအဖွဲ့များ၏ အဖွဲ့အစည်း ဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရန် လိုအပ်နေသေးသည်။

ကျန်အဖွဲ့အစည်းမှာ မြစိမ်းရောင်စီမံကိန်းနှင့်သမဝါယာမဟူ၍ရှိသည်။ ထိုအဖွဲ့အစည်းများသည် ငွေကြေးလုပ်ငန်းလုပ်ကိုင်နေသောအဖွဲ့အစည်းဖြစ်သည်။ သို့သော် ဖွံ့ဖြိုးရေးအတွက်အမြန် အကျိုး တက်ရောက်သော လုပ်ငန်းမဟုတ်သောကြောင့် အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည် ဖွံ့ဖြိုးရန် အခက်အခဲရှိသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

မလူလာကျေးရွာတွင် အိမ်ထောင်စု(၂၀၄)အိမ်ရှိသည့်အနက် မြေယာမဲ့ အိမ်ထောင်စု(၆၅)အိမ်၊ ဆင်းရဲသာတောင်သူနှင့် တောင်သူငယ်(၈၀)အိမ်နှင့်တောင်သူလတ်(၄၉)အိမ်ရှိသည်။ ကျေးရွာ၏ စီးပွားရေးသည်စိုက်ပျိုးရေးအပေါ်တွင်များစွာမှီခိုလျက်ရှိကြောင်း တွေ့ရသည်။စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြသည်။တောင်သူငယ်နှင့်ဆင်းရဲသားတောင်သူတို့မှာစိုက်ပျိုးရေးတစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်သောကြောင့် စီးပွားရေးအခြေအနေ အနည်းငယ်ညံ့နေသေးသည်။ မြေယာမဲ့များမှာ မြေယာငှားရမ်း လုပ်ကိုင်ခြင်း၊အလုပ်သမားများအနေဖြင့် လုပ်ကိုင်ရသောကြောင့် စီးပွားရေး အခြေအနေမှာညံ့သည်။ တောင်သူလတ်များမှာ လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်သော်လည်း လုပ်ခနှင့်လုပ်အားခရင်းနှီး မြှပ်နှံမှုကုန်ကျစရိတ်မှာအလွန်များသည်။ ထိုအခက်အခဲများရှိနေသည်။ မြေယာ၊လယ်ယာမြေစိုက်ပျိုး ရာတွင် စပါးကိုအဓိကထားစိုက်ပျိုးသည်။ထို့ကြောင့် တောင်သူများ အတွက် စပါးစေ◌ျးကွက်သည် အလွန်အရေးပါသောစီးပွားရေးနှင့်အသက်မွေးမှုလုပ်ငန်းဖြစ်သည်။ မြေဆီလွှာအရည်အသွေးမှာ အသင့် အတင့်ရှိသည်။ ချောင်းရေ၊မိုးရေကိုသာအဓိကအားထား စိုက်ပျိုးကြသည်။ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သော်လည်း စေ◌ျးကြီးသောကြောင့် ဝယ်ယူရန် ခက်ခဲကြသည်။ သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသ◌ြဇာဝယ်ယူရန်ခက်ခဲသည်။

စိုက်ပျိုးရေးထွက်ကုန်များကိုရောင်းချရန်နိုင်သော်လည်း စေ◌ျးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်ခြင်းမရှိပါ။ နည်းပညာ ဝန်ဆောင်မှုများလည်းမရှိပါ။ ဖျက်ပိုးနှင့်ရောဂါအနည်းငယ်ကျရောက်သည်။ ထို့ကြောင့် စိုက်ပျိုးရေးထွက်နှုန်းတိုးစေရန် ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်းများ၊ သဘာဝမြေဆွေး ပြုလုပ်နည်းနှင့် မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများလိုအပ်သည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူ လေ့မရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ စာကျက်မြေရှားပါးလာခြင်းကြောင့် ကျွဲနှင့်နွား မွေးမြူသည့်အိမ်ထောင်စုနည်းသည်။ ဘဲနည်းငယ်မွေးမြူးသည်။

မွေးမြူရေးလုပ်ကိုင်ရာတွင် စာကျက်မြေသီးသန့်မရှိ။ နှစ်စဉ်ရာသီရောဂါများ ကျရောက်ပြီး ဆုံးရှုံးမှုများသည်။ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိ ။ မျိုးကောင်းမျိုးသန့်များလည်း ဝယ်ယူ ရန်ရရှိရန်လွယ်ကူသော်လည်း ဈေးနှုန်းမြင့်မားသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်း တိုးတက်စေရန် ချေးငွေ နှင့် နည်းပညာသင်တန်းလိုအပ်ပါသည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းမှာ ဆောက်လုပ်ရေဂလုပ်ငန်းနှင့် ထုတ်ကုန်လုပ်ငန်းသာရှိသည်။ ဈေးကွက် အခြေအနေကိုကောင်းစွာနည်းမလည်ကြချေ။ ချေးငွေရရှိရန်ခက်ခဲသည်။ အသေးစားအလတ်စား

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ဆောင်မှုများလည်း အလွယ်တကူမရရှိကြပါ။ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုတတ်မြောက်မှုတွင်လည်းကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိကြပါ။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်လိုကြသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သမဝါယမချေးငွေ ၊ စိုက်ဘဏ် နှင့် အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဟူ၍ ငွေချေးခြင်း ၃မျိုးရှိသည်။(၃) ခုလုံးမှာ ကာလတို ချေးငွေများဖြစ်ပြီးလိုအပ်သည့် အချိန်၊လိုအပ်သလောက် မရနိုင် ကြပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် ကားအသေးစား၊မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊စက်ဘီး၊ထော်လာဂျီ၊နွားလှည်းများကို အသုံးပြုသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသာလမ်းများဖြစ်သောကြောင့်မိုးရာသီတွင် သွားလာရခက်ခဲသည်။ ထို့ကြောင့်ရွာတွင်းလမ်းအားအဆင့်မြှင့်တင်လိုသည်။ ကုန်ထုတ်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် အဓိက မိုးရာသီတွင် ရေကျော်ခြင်း၊ရွှံ့၊ ဗွက်များဖြစ်သောကြောင့် လယ်ယာ ထွက်ကုန်များ သယ်ယူရန်များစွာခက်ခဲသည်။ ထို့ကြောင့် ကုန်ထုတ်လမ်းပြုပြင်ရန်လိုအပ်သည်။

ကျေးရွာတွင် အလျား(၁၈')၊အနံ(၁၂')နှင့်အမြင့်(၁၀')ရှိသော ကွန်ကရစ်တံတား တစ်စင်းရှိသည်။ ထိုတံတားသည် ယာမြေနှင့် ဥယျာဉ်ခြံမြေသွားရာလမ်းတွင်ရှိသည်။ ကျေးရွာရှိ လယ်မြေအများစုမှာ ချောင်းတစ်ကမ်းတွင်ရှိသောကြောင့် ကုန်ထုတ်သွားလမ်းများဖြစ်သည့်လယ်ယာသယ်ယူပို့ ဆောင်ရေး အတွက် အခက်အခဲများစွာရှိခဲ့သည်။ ထိုချောင်းတွင် ရွာသူရွာသားများက ဝါးတံတားသာ ဆောက်လုပ်နိုင်သည်။ ဝါးတံတားမှာ လူသာသွားလာနိုင်ပြီး ကျွဲ၊နွားနှင့်စက်ပစ္စည်းများသွားလာရန် ခက်ခဲသည်။ထို့ကြောင့်ထိုဝါးတံတားကိုအဆင့်မြှင့်တင်လိုသည်။ ကျေးရွာထုတ်ကုန်များကို သယ်ယူနိုင်ရန် ချောင်းကူးတံတား လိုအပ်သည်။ တောင်ရေအကျများသောနှစ်တွင် ဝါးတံတားမတည်ဆောက်နိုင်ပါ။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိသည့်အိမ်ထောင်စုများရှိသော်လည်း ကိုယ်ထူကိုယ်ထဖြင့် လျှပ်စစ်မီးရယူအိမ်များလည်းရှိသည်။ ကျေးရွာများသည် မဟာဓါတ်အားလိုင်းမရရှိကြသေးသည့်အိမ်ထောင်စုမှာ သုံးပုံတစ်ပုံကျော်ရှိနေသေးသည်။ တစ်ရွာလုံးလျှပ်စစ်မီးလင်းရေးအတွက် ကျန်ရှိနေသော အိမ်ထောင်စုများအတွက်မဟာဓါတ်အားလိုင်းရရှိရန် လိုအပ်သည်။ကျန်ရှိနေသော အိမ်ထောင်စုများမှာဆိုလာမီးကိုသုံးစွဲရာတွင် ဘတ္ထရီကိုလည်း (၂)နှစ်တစ်ကြိမ်အသစ်လဲပေးရသဖြင့် အခက်အခဲရှိသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် (၂၈၄) လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော ၊ အော်ရီဒူး၊မိုင်တဲဖုန်းများကို အများဆုံးအသုံးပြုကြသည်။ ရေဒီယိုနားထောင်သူများလည်းရှိသည်။တီဗွီနှင့်ဂြိုလ်တုစလောင်းလိုင်းတပ်ဆင်သည့်အိမ်ထောင်စုလည်းရှိသည်။ ထို့ကြောင့် သတင်းနှင့်ဆက်သွယ်ရေးမှာကောင်းသည်။

## ၆။ ပညာရေး

မလူလာကျေးရွာသည် အခြေခံပညာမူလတန်းကျောင်းဖြစ်ပြီးကျောင်းဆောင်(၁)ဆောင် သာရှိသည်။ ဝန်ထမ်းအိမ်ရာလုံလောက်မှုမရှိပါ။ ကျေးရွာတွင် အလယ်တန်းနှင့်အထက်တန်းအဆင့်ကို (၁)မိုင်ခန့်ဝေးသော မအူပင်ကျေးရွာသို့ သွားရောက်တက်ကြရသဖြင့် ဆင်းရဲသော ကလေးငယ်အချို့ ကျောင်းဆက်မထားနိုင်ကြပါ။ကျေးရွာတွင် ဆရာမ(၆)ဦးရှိသည့်အတွက် လုံလောက်မှုရှိသည်ဟု ဆိုရပေမည်။ တက္ကသိုလ်တက်နေသည့်လူဦးရေလည်းနည်းပါးသည်။ ကျောင်းသောက်သုံးရေသန့်အနေဖြင့် လုံလောက်မှုရှိသော်လည်း ရေအရည်အသွေးညံ့သောကြောင့် ကျောင်းသောက်ရေရရှိရေးနှင့် ရေသန့်စက်တပ်ဆင်ပေးရန် လိုအပ်သည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် နှစ်စဉ်ကာကွယ်ဆေးများပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီအစဉ်များမရှိပါ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနိမ့်ကာ ကျန်းမာရေးအသင့်အတင့် ကောင်းမွန်ကြသည်။ မလူလာကျေးရွာ၏ ကျန်းမာရေးဌာနသည် နန့်လှိုင်ကျန်းမာရေးဌာန(ခွဲ)ဖြစ်သည်။ကိုယ်ပိုင် ကျန်းမာရေးဌာနဖြစ်ရန်လိုလားကြသည်။ အရေးပေါ်အခြေအနေများအတွက် မြို့နယ်ဆေးရုံးသို့သွားရသည်။ မြို့နယ်ဆေးရုံးမှာကျေးရွာမှ(၁၁)မိုင်ခန့်ကွာဝေးသည်။

ကျေးရွာတွင် သောက်ရေတွင်းရှိသော်လည်းအသုံးပြုသူမှာ(၂)အိမ်သာရှိသည်။အများစုမှာ ရေတုံကင်ကိုသာအသုံးပြုသူများသည်။ မြေအောက်ရေသုံးစွဲမှုများသည်။ မိုးရေနှင့်ချောင်းရေကို စိုက်ပျိုးရေးတွင်သာအသုံးပြုသည်။

ကျေးရွာ၏ပတ်ဝန်းကျင်မှာသန့်ရှင်းမှုအသင့်တင့်ရှိသည်။ သစ်တောကြီးများ နှင့် သစ်ပင်များမှာ ကျေးရွာ ၏(၇၀) ရာခိုင်နှုန်းခန့်ရှိသေးသည်။ကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ပတ်သတ်သော ဗဟုသုတအသိအမြင်နည်းနေသေးသည်။ ကျေးရွာတွင် ရေလောင်း၊ယင်းလုံအိမ်သာအသုံးပြုသူများသည်။ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုအလွန်နည်းပါးသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု ၊ မြေယာမဲ့ဆင်းရဲသားတောင်သူ နှင့် လက်လုပ်လက်စား ကျပန်းများသည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေကြုံ တွေ့ပါက ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။ လူငယ်များသည်လည်း မူးယစ်ဆေးဝါးပေါ်များသောကြောင့် မူးယစ်သားကောင်များအချိန်မရွေးဖြစ်ပေါ်နိုင်သောကြောင့် ထိခိုက်ခံစားရလွယ်ကူ

နိုင်ပါသည်။ ဆေးစွဲသူများသည်လည်း ကူးစက်ရောဂါများအလွယ်တကူကျရောက်နိုင်သောကြောင့် ထိခိုက်ခံစားရ လွယ်ကူပါသည်။

မြေဆီလွှာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်၊ တိရစ္ဆာန်မျိုးကွဲများ နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓာတုဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိ အလွန်အကျွံသုံးစွဲသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွင်လည်း အန္တရာယ်ရှိမှုမြင့်ဖြစ်သည်။ မြေယာများချဲ့ထွင်စိုက်ပျိုးခြင်းကြောင့်သဘာဝပေါက်ပင်နှင့်တိရိစ္ဆာန်မျိုးစိတ်များမှာ ရှားပါးလာပြီဖြစ်သည်။

**၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

**မလူလာ**ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း စီမံအုပ်ချုပ်မှုပိုင်းတွင် ရွေးချယ်တင်မြောက်ခြင်း ၊ နေရာပေးခန့်ထားခြင်းများမရှိပါ။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအားသံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိသော်လည်း မူးယစ် ဆေးသုံးစွဲသူများရှိသဖြင့် အမျိုးသမီးများသာမက အမျိုးသားများကိုပါ အကြမ်းဖက်မှုအန္တရာယ် ရှိသဖြင့် သတိထားသွားလာနေကြရသည်။ အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာအသိပညာများအားနည်းကြပါသည်။ထို့ကြောင့်စွမ်းဆောင်ရည်မြှင့်သင်တန်းများအိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ခြင်း ဥပဒေ သင်တန်းများ၊ ကာကွယ် စောင့်ရှောက်နည်းသင်တန်းများ၊ ကိုယ်ခံပညာ သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

**၁၀။ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ(မလူလာကျေးရွာ)**

| **စဉ်** | **ကဏ္ဍ** | **ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း** | **ဦးစားပေး အဆင့်** |
|---|---|---|---|
| ၁ | လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | ၁။ ရွာတွင်းလမ်းကွန်ဂရစ်လမ်းခင်းခြင်း | ၁ |
| | | ၂။ ကွန်ဂရစ်တံတားတည်ဆောက်ခြင်း | |
| | | ၃။ ကုန်ထုတ်လမ်းပြုပြင်ခြင်း | |
| | | ၄။ မူကြိုကျောင်းနှင့်အလယ်တန်း(ခွဲ)ကျောင်းရရှိရေး<br>၅။ ကျေးရွာစေျးတည်ဆောက်ခြင်း | |
| | | ၆။ ကျေးရွာခန်းမတည်ဆောက်ခြင်း | |
| ၂ | စိုက်ပျိုးရေရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ချောင်းရေတင်စီမံကိန်း<br>၂။ ငါးပေါက်ကျင်းတူးခြင်းစီမံကိန်း | ၂ |

| | | | |
|---|---|---|---|
| ၃ | စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှု<br>၂။ အလှပြင်သင်တန်း<br>၃။ မှုန့်မျိုးစုံပြုလုပ်နည်းသင်တန်း<br>၄။ ယို/ဝိုင်ပြုလုပ်နည်းသင်တန်း<br>၅။ စက်ချုပ်/ဒီဇိုင်နာအဆင့်မြှင့်သင်တန်း<br>၆။ ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>၇။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း | ၃ |
| ၄ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ရိုးရာတီးဝိုင်း/ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း<br>၂။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း<br>၃။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း<br>၄။ လူကုန်ကူးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း<br>၅။ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှုအသိပညာပေးသင်တန်း<br>၆။ အင်တာနက် အကျိုးရှိရှိအသုံးပြုနည်းသင်တန်း<br>၇။ ကွန်ပျူတာသင်တန်း<br>၈။ တရုတ်စာ/အင်္ဂလိပ်သင်တန်း | ၄ |
| ၅ | ကျေးရွာမီးလင်းရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ လျှပ်စစ်မီးတိုင်ရရှိရေး<br>၂။ မီတာဘောက်များရရှိရေး | ၅ |
| ၆ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ<br>၂။ မွေးမြူရေးမြစိမ်းရောင်စီမံကိန်း | |
| ၇ | မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ဥစား/အသားစားစံပြမွေးမြူခြင်း<br>၂။ ကာကွယ်ဆေးထိုးခြင်း | ၇ |

| | | | |
|---|---|---|---|
| ၈ | စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ စပါး၊ပြောင်း၊မြေပဲ၊နှမ်းမျိုးကောင်းရရှိရေး<br>၂။ လယ်ယာသုံးစက်ကိရိယာအရစ်ကျရောင်းချခြင်း<br>၃။ နှစ်ရှည်ပင်မျိုးကောင်း၊မျိုးသန့်စိုက်ပျိုးခြင်း<br>(ကြက်မောက်သီး၊နဂါးမောက်ပင်၊ဒညင်း၊ကွမ်းသီး၊တရုတ်ဇီးသီး၊နှင်းသီး) | ၈ |
| ၉ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း<br>၂။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း<br>၃။ သီးလှည့်စနစ်စိုက်ပျိုးနည်းသင်တန်း<br>၄။ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း<br>၅။ ကိုင်းကူးကိုင်းဆက်သင်တန်း | ၉ |
| ၁၀ | အဖွဲ့အစည်းဆိုင်ရာစီမံကိန်းခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုသင်တန်း<br>၂။ လေ့လာရေးခရီး | ၁၀ |
| ၁၁ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မူကြိုကျောင်းရရှိရေး<br>၂။ ကျောင်းအားကစားပစ္စည်း<br>၃။ အလယ်တန်းကျောင်း(ခွဲ)ရရှိရေး | ၁၁ |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (မလူလာကျေးရွာ၊ မလူလာကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၃ | ၁၀ | .၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၃၄ | ၆၁ | ၅.၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၃၆ | ၇၄ | ၆.၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၅ | ၃၅ | ၆၀ | ၅.၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၁၇ | ၄၅၅ | ၈၇၂ | ၇၇.၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၃၃ | ၄၆ | ၄.၁ |
| **စုစုပေါင်း** | | **၅၂၇** | **၅၉၆** | **၁၁၂၃** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု (၂၀၄)** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၅** | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ မလူလာကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၀၄ ရှိပြီး လူဦးရေပေါင်း ၁၁၂၃(ကျား ၅၂၇ + မ ၅၉၆) ရှိသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅.၅)ရှိသောကြောင့် လူဦးရေတိုးပွားမှုနှုန်းမှာမြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော (၅)ယောက်နှုန်းနှင့်ညီမျှမှုကြောင့် လူဦးရေတိုးပွားမှုမှာ အသင့်တင့်ရှိသည်။ (၁)နှစ်မှ(၄)နှစ်ကလေး ၆၁ ဦးရှိသည့်အတွက် ပညာရေးတိုးတက်ဖွံ့ဖြိုးရန်မူကြိုကျောင်းလိုအပ်သည်ကိုတွေ့ရှိရသည်။မသန်မစွမ်း (၅)ဦးရှိ၍ ကူညီထောက်ပံ့မှုလိုအပ်သည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၄ | ၂၀၀ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈၀ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၉ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၅ | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | စုစုပေါင်း | ၂၀၄ | ၂၁၉ | | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ မလူလာကျေးရွာတွင် အိမ်ခြေ ၂၀၄ ရှိသည့်အနက်(၁၉၉)အိမ်သာ အလုပ်လုပ်ကိုင်ကြသည်။ကျန်(၅)အိမ်မှာရာသီအလိုက်ကျပန်အလုပ်လုပ်ကိုင်ကြသည်။ ထို့အနက်သက်ကြီးရွယ်အိုများ၊ကျောင်းသား၊ကျောင်းသူများနှင့်ကလေးသူငယ်များနုတ်လိုက်ပါက တစ်အိမ်ထောင်လျှင်ပျှမ်းမျှအလုပ်လုပ်သူ (၂)ဦးခန့်သာရှိပါသည်။ အလုပ်လုပ်ကိုင်သူ လူဦးရေနည်းပါးနေသည်ကို တွေ့ရှိရသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြသည်။

### (ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၈၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ပန်းရံလုပ်ငန်း | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ **၂၂.၇၅**)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × **၈**)

**လေ့လာတွေ့ရှိချက်။** ။ မလူလာ ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ် ငန်း၊ ထုတ်ကုန်လုပ်ငန်းနှင့်ဆောက်လုပ်ရေး (လက်သမား/ပန်းရံ) လုပ်ငန်း နှင့် လက်လီလက်ကား၊ အပ်ချုပ်လုပ်ငန်းလုပ်ကိုင်ကြသည်။ မွေးမြူရေးကိုတစ်ပိုင်တစ်နိုင်သာမွေးမြူကြသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှာလည်း တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်လေ့ရှိပြီး စီးပွါးဖြစ်မဟုတ်သောကြောင့် ပုံမှန်အလုပ်အကိုင် မရှိကြပါ။ မြေယာမဲ့များသည် ပြည်ပ(တရုတ်)နိုင်ငံတွင်သာသွားပုံမှန်လာအလုပ်လုပ်ကိုင်ကြသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၂၀ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၅၅ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၅၀ | ကောင်း ☐ သင့်☒ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ခနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၇၄၂ | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။မလူလာကျေးရွာတွင်** လယ် ၃၂၀ ဧကေ၊ယာမြေ၊တောင်ယာမြေ ၁၅၅ဧကနှင့် ဥယာဉ်ခြံမြေ ၁၅၀ဧက စုစုပေါင်းစိုက်ပျိုးမြေ တစ်ရွာလုံးတွင် (၇၄၂) ဧက ရှိသည်။ မြေဆီလွှာ အရည်အသွေးအနေနှင့် သင့်သည်ကို တွေ့ရသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ တိုးချဲ့ရန် မြေလွတ်မြေလပ် မရှိကြတော့ပါ။ စိုက်ပျိုးမြေအများစုမှာ ပုံစံ (၇) မရကြသေးပါ။ ပုံစံ (၇) ရရှိ ရေး မြေစာရင်း ဦးစီးဌာနသို့ တင်ပြထားသော်လည်း ယခုအထိပုံစံ (၇) မရကြသေးသောကြောင့် အမြန် ရရှိရန် တင်ပြကြပါသည်။ လက်ရှိစိုက်ပျိုးမြေများကိုလည်း မြေယာပိုင်ဆိုင်မှု ပုံစံ (၇) မရရှိသော ကြောင့် ရွာသူ/သားများမှ မိမိတို့ပိုင်မြေများ သိမ်းဆည်းခံ/ ဆုံးရှုံးသွား မှာကို အထူးစိုးရိမ် နေကြရ သည်။ ပုံစံ (၇) လယ်မြေ ၃၀၈ ဧကသာရရှိပြီး ကျန်စိုက်ပျိုးမြေများမှာပုံစံ(၇)မရသေးပါ။ ဧကသာရပြီး ကျန်စိုက်ပျိုးမြေများမှာ ပုံစံ (၇) မရသေးပါ။ ကျေးရွာမှ ပုံစံ (၇) ရရှိရေး တင်ပြ ချက်အရ မြေတိုင်းခြင်းနှင့် မြေတိုင်းခနှင့် ပုံစံ (၇) စာရွက် ထုတ်ယူခတို့ကို ပေးကြရသော်လည်း ယနေ့ အထိ အများစုမှာ စိုက်ပျိုးမြေ ၊ဉယျာဉ်ခြံ ပုံစံ(၇) မရှိကြသေးပါ။ ပုံစံ (၇) မရကြသေးပါ။

## (၈-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ၊ ရေနံ၊** | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ |

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **ကျောက်မျက်၊ ရွှေ စသည်။)** | | |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☒ ခက်☐အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☒မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။ မလူလာ ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်များ အသင့်အတင့်ရှိပြီး အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (ဆင်တုံးမနွယ်၊ကျန်အပင်များမြန်မာအမည်မသိကြပါ) အပင်များစွာရှိသည်။ ကျေးရွာတွင် ထင်းမီးကိုအသုံးများကြသည်။ မြေအောက်ရေ ထုတ်ယူမှုသုံးစွဲမှုများလာသည်ကိုလည်းတွေ့ရသည်။ ထင်းမီးလျော့၍ လျှပ်စစ်မီးအသုံးပြုနိုင်ရန်လိုအပ်သည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ကေအထက် | ၅–၁၅ ကေအကြား | ၁–၅ ကေအကြား | မြေယာမဲ့ |
| အိမ်အခြေအနေ | ကာလာသွပ်မိုး၊ တိုက်/အုပ်အ ကာ၊ ပျဉ်ထောင် ပျဉ်ခင်း | ရိုးရိုးသွပ်မိုး၊ ပျဉ်ထောင်ပျဉ်ခင်း /ထရံကာ၊ ပျဉ်ခင်း | ရိုးရိုးသွပ်အမိုး/ ထရံကာ၊ ကြမ်းခင်း၊ | သက္ကယ်မိုး၊ ထရံ ကာ၊ မြေစိုက်/ဝါး ကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၁ စင်း၊ လက်တွန်းထွန်စက် ၁ စင်း၊ရေစုပ် စက် ၁ ခု၊ ထော် လာဂျီ ၁ စီး၊ ဂျစ်ကား ၁ စီး၊ကျွဲ/ နွား ၁၀–၁၀ ကောင် | လက်တွန်းထွန် စက် ၁ စင်း၊ ရေ စုပ်စက် ၁ ခုရှိ/မရှိ၊ ထော် လာဂျီ ၁ စီးရှိ/မရှိ။ ကျွဲ/နွား ၃–၁၀ ကောင် | ထော်လာဂျီ ၁ စင်း၊ ကျွဲ/နွား ၁–၃ ကောင် | ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တံဇဉ် နှင့် ဝက်၊ ကြက် စသည်။ |
| ကုန်ထုတ်လုပ်မှုနှင့် | ကား ၁–၂ စီး၊ ဆိုင်ကယ် | ဆိုင်ကယ် ၁ စီး၊ | ဆိုင်ကယ် ၁စီး | စက်ဘီး ၁ စီး၊ ဖုန်း ၁ လုံး၊ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မဆိုင်သော ပိုင်ဆိုင်မှု | ၁-၂ စီး၊ တယ်လီဖုန်း ၃ - ၅လုံး၊ တီ ဗီ ၁ ခု၊စလောင်း ပီအက်အိုင်/စကိုင်းနက် ၁ ခု။ ရေ ခဲသေတ္တာ ၁ ခု၊ | တယ်လီဖုန်း ၂-၃ လုံး၊ တီဗီ ၁ ခု၊ စလောင်း ၁ ခု။ | လိုင်စင်မဲ့၊ စက် ဘီး ၁ စီး၊ တယ် လီဖုန်း ၁-၂ လုံး၊ ခေါက်တီဗီ ၁ ခု၊ | ခေါက်တီ ဗီ ၁ ခု။ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး/အရောင်း အဝယ် | ဈေးဆိုင်၊ တောင်သူလတ် | တောင်သူငယ်/ ဆင်းရဲသား တောင်သူ | ကျပမ်း၊ နေ့စား |
| အိမ်ထောင်စု (၂၀၄) | ၂၈ (၁၃.၇ %) | ၈၆ (၄၂.၁၅ %) | ၆၀ (၂၉.၄%) | ၃၀ (၁၄.၇%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ မလူလာကျေးရွာတွင် အိမ်ခြေ ၂၀၄ အိမ်ရှိပြီး အဆင့် ၁ (၂၈) အိမ် (၁၃.၇ %)၊ အဆင့် ၂ (၈၆)အိမ် (၄၂.၁၅%)၊ အဆင့် ၃ (၆၀) အိမ် (၂၉.၄%)၊နှင့် အဆင့် ၄ (၃၀) အိမ် (၁၄.၇%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မ ဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုများသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ ရသည်။ကျေးရွာတွင်အဆင့်၁နှင့်အဆင့်၂အိမ် မှာဝမ်းစာဖူလုံကြသော်လည်းအဆင့်(ဂ)နှင့်အဆင့်(ဃ)မှာ ပိုင်ဆိုင်မှုအလွန်းနည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။

## (င)  ထိခိုက်လွယ်မှု

### (င-၁)  ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဆင့် (က) နှင့် အဆင့် (ခ) မှာအစားအစာနှင့် လူသုံးကုန်ပစ္စည်းဖူလုံမှုရှိသည်။ အဆင့်(ဂ)နှင့်(ဃ)မှာစားသုံးရန်နှင့်ပစ္စည်းသုံးစွဲရန် ဝင်ငွေနည်းပါးခြင်းကြောင့် ကျေးရွာတွင်းချေးငွေများ ချေးယူသုံးစွဲနေကြရသည်။

**(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | ၂ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မလူလာကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် ၂ ဦး (ကျား ၄+ မ ၆) ဦးရှိပြီး စားဝတ်နေရေးမှာဆိုးရွားသော အခြေအနေမရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁၃)အိမ်ရှိသောကြောင့် ကူညီ

မှုလိုအပ်သည်။ တစ်ခုလပ်မုဆိုးဖိုအိမ်ထောင်စုများနှင့် သက်ကြီးရွယ်အိုများအတွက်လဲ ကူညီမှုလိုအပ်သည်။ စိတ်ရောဂါဝေဒနာသည်များအတွက် ကူညီမှုအထောက်အပံ့လိုအပ်သည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မလူလာကျေးရွာတွင် လျှောင်လှိုင်းတစ်ခါတရံလှုပ်ခတ်လေ့ရှိသည်။ ထိခိုက်မှုမရှိပါ။ သစ်တောများအသင့်တင့်ရှိသော်လည်း ရာသီဉတုမှာပူးပြင်းသည်။ မုန်တိုင်းမှာအဖျားရိုက်ခတ်မှုမျှသာရှိသည်။စိုက်ပျိုးရေးလုပ်ကိုင်သူများသောကြောင့် စားသုံးဖူလုံမှုအသင့်တင့်ရှိသည်။

ထင်းမီးသုံးရန် သစ်တောခုတ်ခြင်းကြောင့် သစ်တောများ ရေရှည်ဖြုန်းတီးမည်ကိုစိုးရိမ်ရသည်။ ကျေးရွာတွင် သဘာဝပတ်ဝန်းကျင် အသိရှိရန် လိုအပ်သည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်** ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့၊ ဆင်းရဲသားတောင် သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများ၊ ဆေးစွဲသူများ၊ လှည့်လည်ဈေးရောင်းသူများသည် ထိ ခိုက်သက်ရောက်နိုင်မှု မြင့်သည်။

လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ ထိခိုက်မှုမြင့်ခြင်းအကြောင်းအရင်းမှာရောဂါစွဲကပ်တတ်ခြင်း၊ အပေါင်းအသင်းမှားတတ်ခြင်း၊မူးယစ် စေတတ်သော မင်္ဂဇိဝဆေးဝါးများ သုံးစွဲတတ်ခြင်းစသည် တို့ကြောင့်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ပြင်းထန်းစွာ ထိခိုက်ခြင်းမရှိပါ။

မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်များသည် ထိခိုက် သက်ရောက်နိုင်မှုမြင့်ရခြင်းမှာသီးနှံအထွက်နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိခြင်း၊ လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းခြင်းတို့ကြောင့် ဖြစ်သည်။

ဆေးစွဲသူများမှာ အများအားဖြင့် အသက်ငယ်နှင့် လူလတ်ပိုင်းများဖြစ်ကြပြီး ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ မိသားစုဝင်များနှင့် အခြားပါတ်ဝန်းကျင်လူအများ၏ လုံခြုံမှုနည်းလာသောကြောင့် ထိခိုက် သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

လှည့်လည်ဈေးရောင်းသူများသည်လည်း ထိခိုက်သက်ရောက်လွယ်မှု နိမ့်အခြေအနေတွင် ရှိရခြင်းမှာ လုပ်ကိုင်သူနည်းပါးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည်လည်း ထိခိုက်လွယ်မှု နိမ့်သည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂☒ ၃☐ | ၅ | ၃ | ၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | လူငယ် (အပျို၊ လူပျို အဖွဲ့) | ၁☐ ၂☒ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၃ | မြစိမ်းရောင် | ၁☒ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၄ | သမဝါယမ | ၁☒ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ မလူလာကျေးရွာတွင် အဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီးအဖွဲ့ (၂) ဖွဲ့မှာ ဘာ သာရေးနှင့် လူမှုရေးကို အခြေခံသောအဖွဲ့ များဖြစ်ကြပြီး ကျန် ၂ ဖွဲ့ဖြစ်သော မြစိမ်းရောင်နှင့် သမဝါယမ အဖွဲ့များမှာ စီးပွါးရေး(ငွေကြေး–ငွေစုငွေချေးနှင့် ဘာသာရေး)ကို အခြေခံသောအဖွဲ့ဖြစ်သည်။ ၎င်းအ ဖွဲ့များအနက် ရပ်ရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့များမှ စွမ်း ဆောင်နိုင်မှုလည်း ကောင်းသည်။ စီးပွါးရေးကို အခြေခံဖွဲ့စည်းသော အဖွဲ့ ၂ ဖွဲ့မှ ပြင်ပမှ လုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပြီးကျား/မအချို့ပါဝင်ဖွဲ့စည်းခဲ့ကြသည်။ အဖွဲ့အစည်း ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ငွေစာရင်းထိန်းသိမ်းမှုတို့ကို သင်တန်းပေးထားပြီး လုပ်ဆောင်နေကြသည်။ ၎င်းလက်ရှိအဖွဲ့အစည်းများကို လေ့လာရာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် သီးခြားတာဝန်များ ခွဲဝေလုပ်ဆောင်နေကြသော်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးကို စနစ်တကျ ဦးဆောင်နိုင်ခြင်း မရှိသေးဘဲ စွမ်းဆောင်ရည် အားနည်းနေ သေးသည်ကို တွေ့ရသည်။ ၎င်းအဖွဲ့အစည်းများအားလုံးသည် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရန် လို အပ်နေ သေးသည်။

## (က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | **ပညာရေး ☐ ငွေကြေး ☐**<br>**ကျန်းမာရေး☐ ဘာသာရေး☐**<br>**စိုက်ပျိုးမွေးမြူရေး ☐**<br>**သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐** |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | **ပညာရေး ☐ ငွေကြေး ☐**<br>**ကျန်းမာရေး☐ ဘာသာရေး☐**<br>**စိုက်ပျိုးမွေးမြူရေး ☐**<br>**သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐** |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | **ပညာရေး ☐ ငွေကြေး ☐**<br>**ကျန်းမာရေး☐ ဘာသာရေး☐**<br>**စိုက်ပျိုးမွေးမြူရေး ☐**<br>**သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐** |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | **ပညာရေး ☐ ငွေကြေး ☐** |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (ဥပမာ – **ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။**

**လေ့လာတွေ့ရှိချက်။** ။ မလူလာကျေးရွာတွင်ပြည်ပမှဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အဖွဲ့အစည်းမရှိပါ။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ–၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၂၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၆၀ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၄၉ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၀၄ | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ခြေ ၂၀၄ အိမ်ရှိသည့်အနက် မြေယာမဲ့ ၆၅ အိမ်၊ ဆင်းရဲသားတောင်သူ နှင့်တောင်သူငယ် အရေအတွက်အားဖြင့် ၈၀ ရှိပြီး တောင်သူလတ် ၄၉ အိမ်ရှိသည်။ မြေယာမဲ့အိမ်ထောင်စုများပြီး ဆင်းရဲသားတောင်သူ၊တောင်သူငယ်၊တောင်သူလတ် တို့သည် တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြောင့်တွေ့ရသည်။ မြေယာမဲ့များအတွက် အလုပ်အကိုင်ရှားပါး နေသည်ကိုလည်း တွေ့ရသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☒ မရှိ☐ မဖြေဆိုပါ ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☒ မရှိ☐ မဖြေဆိုပါ ☐ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ မလူလာ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ချောင်းရေ၊ ရေတုံကင်၊ အဝီစိတွင်းများကို အဓိကထားအသုံးပြုရသည်။ မိုးရေကိုလည်းအားထားနေရသည်။ ချောင်းရေများမှာ တဖြည်းဖြည်းနှင့်တိမ်ကောလာ၍ နွေရာသီတွင်သီးနှံစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေကို ရေတုံကင်၊ အဝီစီတွင်းမှရေစုပ်စက်များဖြင့် ရေတင်ပြီးစိုက်ပျိုးရသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| ဆောင်းပြောင်း | ၂၅၀ | တင်း | ၃၀ | ၄၀ | ၃၅ | ၆ လ | ၅ လ | မြင့်☒ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☒ |
| မိုးပြောင်း | ၃၀ | တင်း | ၂၀ | ၃၀ | ၂၅ | ၅ လ | ၉လ | မြင့်☒ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☒ |
| စပါး | ၃၀၀ | တင်း | ၅၀ | ၈၀ | ၇၀ | ၆ | ၅လ | မြင့်☒ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☒ |

